# ကျန်းမာရေးဝန်ကြီးဌာန
# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
# နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ခရိုင်များ လစ်လပ်လျက်ရှိသော
# အမှုထမ်းရာထူးနေရာများအတွက်
# လူတွေ့စာမေးပွဲဖြေဆိုရန်ကြေညာချက်

၁။ (၁၅-၇-၂၀၂၃)ရက်(စနေနေ့)ထုတ် မြန်မာ့အလင်းသတင်းစာ၌ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လျှောက်လွှာခေါ်ယူထားသည့် ဒု-ကြီးကြပ်ရေးမှူး(အစားအသောက်)၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်-၂(ဆေးဝါး)/ ဒု-ကြီးကြပ်ရေးမှူး(ဆေးဝါး)၊ ဓာတ်ခွဲခန်းကျွမ်းကျင်-၂၊ ဓာတ်ခွဲခန်းကျွမ်းကျင်-၄၊ အငယ်တန်းစာရေး၊ ယာဉ်မောင်း(၅)၊ လုပ်သား(ဓာတ်ခွဲ)များသို့ ရွေးချယ်ခန့်ထားရေးအတွက် လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကို နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင်(၁၆-၁၀-၂၀၂၃)ရက်နေ့နှင့်(၁၇-၁၀-၂၀၂၃)ရက်နေ့တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ လူတွေ့ဖြေဆိုရမည့် အမှတ်စဉ်နှင့်ဖြေဆိုရမည့်အချိန်အား အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး၏ Website ဖြစ်သော www.fda.gov.mm နှင့် Food and Drug Administration. Facebook တို့တွင် ကြော်ငြာထားမည်ဖြစ်ပြီး၊ စာမေးပွဲဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း(၂၀၂၃)ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့၊ (၁၃)ရက်နေ့များတွင် ဖုန်းနံပါတ်-၀၆၇၃-၄၀၃၈၄၇၊ ၀၆၇၃-၄၀၃၅၈၆ သို့လည်းကောင်း၊ E-mail-fdaofficenpt@gmail.com သို့လည်းကောင်း၊ လူကိုယ်တိုင်လည်းကောင်း၊ တစ်နည်းနည်းဖြင့် ကြိုတင်သတင်းပို့ရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် ပညာရေးနှင့်ပတ်သက်သော အောင်လက်မှတ်မူရင်းများ ယူဆောင်လာရမည်ဖြစ်ပါသည်။

၃။ လူတွေ့စာမေးပွဲဖြေဆိုရမည့်နေ့(၁၆-၁၀-၂၀၂၃)ရက်နေ့နှင့်(၁၇-၁၀-၂၀၂၃)ရက်နေ့များတွင် နံနက်(၈:၀၀)နာရီအရောက် အဆောင်(၁) နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်ကြီးဇေယျာလမ်း၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စပယ်အိမ်ရာရှေ့သို့ လာရောက်ကြရမည်ဖြစ်ပါသည်။

၄။ လူတွေ့စာမေးပွဲဖြေဆိုသူများအနေဖြင့် စာမေးပွဲဖြေဆိုရန်လာရောက်ကြရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် Covid-19 ရောဂါထိန်းချုပ်ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ Mask များ တပ်ဆင်ပြီး ဖြေဆိုသူများမှအပ အခြားမသက်ဆိုင်သူများအား ခေါ်ဆောင်လာခြင်းမပြုကြပါရန် ကြိုတင်သတိပေးအပ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး ဖုန်းနံပါတ်-၀၆၇၃-၄၀၃၈၄၇၊ ၀၆၇၃-၄၀၃၅၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန